Embassy of the Republic of the Union of Myanmar
Viale Cortina d'Ampezzo 50, 00135 Rome, Italy
Tel: +39 06 36303753, Fax: +39 06 36298566
Email: merome2010@gmail.com

# အသိပေးကြေညာခြင်း

အီတလီနိုင်ငံ၊ စပိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ လေကြောင်းဖြင့်လာရောက်မည့် ခရီးသည်များကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ စမ်းသပ်ကာလ (၁) နှစ်ဖြင့် အောက်ပါစည်းကမ်းသတ်မှတ်ချက်များအတိုင်း ဆိုက်ရောက်ဗီဇာ ခွင့်ပြုသွားမည် ဖြစ်ပါသည်-

(က) ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ရောက်ရှိမည့် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ အထက်ဖော်ပြပါ နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များအား ကမ္ဘာလှည့်ဆိုက်ရောက်ဗီဇာ (Tourist Visa on Arrival) စနစ်ဖြင့်ဝင်ခွင့်ပြုမည်ဖြစ်ပါသည်၊

(ခ) ဆိုက်ရောက်ဗီဇာကို အခကြေး အမေရိကန်ဒေါ်လာ ၅၀ ကောက်ခံ၍ ရက် (၃၀) နေ့ခွင့်ပြုမည်ဖြစ်ပါသည်၊

(ဂ) အလည်အပတ် ဝင်ရောက်ခြင်းအတွက်သာဖြစ်၍ ကမ္ဘာလှည့်ဗီဇာ တစ်မျိုးတည်းသာ ခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(ဃ) နေခွင့်သက်တမ်းတိုးမြှင့်လျှောက်ထားခြင်းကို ခွင့်ပြုမည်မဟုတ်ပါ၊

(င) ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်သူများသည်-

(၁) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာရမည်၊

(၂) မြန်မာနိုင်ငံအတွင်း လုံခြုံရေးအရ ကန့်သတ်ထားသော နယ်မြေမှအပ နိုင်ငံခြားသားများ သွားလာခွင့်ရှိသည့်နေရာများသို့ လွတ်လပ်စွာသွားလာနိုင်သည်၊

(၃) သက်ဆိုင်ရာလုံခြုံရေးဌာန၊ အဖွဲ့အစည်းများနှင့်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့မှ စိစစ်ပြီး ဝင်ခွင့်မပြုနိုင်သူဖြစ်လျှင် ဝင်ရောက်ခွင့်ကို ငြင်းပယ်ခြင်းခံရမည်၊

(၄) အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်လာသူသည် မည်သည့်အပြည်ပြည်ဆိုင်ရာ ဝင်/ ထွက်ပေါက်မှမဆို ပြန်လည်ထွက်ခွာနိုင်မည်၊

မြန်မာသံရုံး၊ ရောမမြို့

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်

**Embassy of the Republic of the Union of Myanmar**
Viale Cortina d'Ampezzo 50, 00135 Rome, Italy
Tel: +39 06 36303753, Fax: +39 06 36298566
Email: merome2010@gmail.com

## Announcement

Italian, Spanish, Australian, Swiss, German and Russian Ordinary Passport holders will be allowed the Tourist Visa on Arrival at the International Airports of Yangon, Mandalay and Nay Pyi Taw in Myanmar starting from 1st October 2019 with one year experimental period by the following terms and conditions:

- Visa on Arrival Fee is US$ 50 and duration of stay will be allowed (30) days.
- As it is only for the visit, there will be allowed only tourist visa.
- It cannot be extend the stay in Myanmar.
- Visitors who are holding ordinary passports from Italy, Spain, Australia, Switzerland, Germany and Russia entered visa on arrival :
  1) Have to abide by the existing laws and procedures of Myanmar.
  2) Apart from the restricted areas according to the security, the visitors can travel the places where the foreigners are permitted.
  3) Correspondence Security, organization and immigration department will check the visitors who will enter with visa on arrival. If they could not allow to entry for visitor, they will be rejected.
  4) Visitors who entered from the International Airport can leave any International airports.

The Embassy of Myanmar
Rome

Date: 28 June 2019